# တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး

## (၁၅)ရက်မြောက်နေ့အစီအစဉ်

## ၃၁-၈-၂၀၂၆ (တနင်္လာနေ့)

၁။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေးမတက်ရောက်နိုင်သော စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားခြင်းနှင့် အစည်းအဝေးတက်ရောက်မှု အခြေအနေအား လွှတ်တော်၏ အတည်ပြုချက်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

(က) **ဒေါ်စန္ဒာသိန်း၊ မော်လိုက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''မော်လိုက်မြို့နယ်၊ တွန်းပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းတွင် ကျောင်းသား/ကျောင်းသူများအတွက် ထပ်မံလိုအပ်နေသည့် နှစ်ထပ် ကျောင်းဆောင်တစ်လုံး ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ခ) **ဦးမြင့်ကျော်၊ မင်းကင်းမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ကလေးမြို့၊ မြို့သာရပ်ကွက်ရှိ အခြေခံပညာမူလတန်းလွန်ကျောင်းအတွက် ပေ(၁၅၀×၃၀) နှစ်ထပ်ကွန်ကရစ် ကျောင်းတစ်ဆောင် ဆောက်လုပ်ပေးပြီး အုတ်တံတိုင်း ခြံစည်းရိုးကာရံခြင်း ပေ(၈၀၀)ကိုဆောင်ရွက်ပေးရန်နှင့် လိုအပ်နေသော အလယ်တန်းပြ (၃)ဦး၊ မူလတန်းပြ(၁)ဦးတို့ကို ခန့်ထားပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဂ) **ဒေါ်ဆန်းစစ်ရှိုး၊ လေရှီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း အခြေခံပညာကျောင်းများတွင် ဆရာ/ဆရာမအင်အားလိုအပ်နေမှုကို ဖြည့်တင်းပေးနိုင်ရေးအတွက် ဆရာအတတ်သင် သင်တန်းသား/သူများ သင်တန်းများ တိုးချဲ့ခေါ်ယူဖွင့်လှစ်ပေးမည့် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဃ) **ဦးရဲမိုးနိုင်၊ ရေဦးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ရေဦးမြို့၊ အောင်ဆန်းရပ်ကွက်အတွင်းရှိ ရပ်မြင်သံကြားထပ်ဆင့်လွှင့် စက်ရုံဝင်းထဲ၌ ရှိသော အန္တရာယ်ရှိ ဝန်ထမ်းအိမ်ရာအမှတ်(၁)၊ (၂)ခန်းတွဲ (၄၀ပေ × ၃၀ပေ) အုတ်ညှပ် သွပ်မိုး တစ်ထပ်အား ဖျက်သိမ်းခွင့်ပြုပေးနိုင်ပါရန်နှင့် ဝန်ထမ်းအိမ်ရာအား အသစ်ဆောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(င) **ဦးစိုင်းအောင်ခမ်း၊ မော်လိုက်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ဟုမ္မလင်းမြို့နယ်၊ ပင်းမာကျေးရွာနှင့် ဟွေနားကျေးရွာကြားရှိ ကျေးရွာချင်းဆက်လမ်း အရှည်ပေ(၇၂၀၀)ခန့်အား ရာသီမရွေးသွားလာနိုင်သော ကျောက်ရောမြေသားလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(စ) **ဦးသိန်းသန်းစိုး၊ ဘုတလင်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''ဟုမ္မလင်းမြို့နယ်၊ ညောင်ပင်သာကျေးရွာအုပ်စု၊ ရေလဲကျေးရွာအခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်သည့် စာသင်ကျောင်းလမ်း (၈၀၀)ပေအား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဆ) **ဦးခင်မောင်လွင်၊ တမူးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''တမူးမြို့၊ စန္ဒကူး(၁)ရပ်ကွက်၊ နယ်စပ်ကုန်သွယ်ရေးရုံးဘေးရှိ ကုန်သည်ကြီးလမ်း ပေ(၁၈၀၀)ခန့်နှင့် စော်ဘွားရပ်ကွက်၊ အမှတ်(၉)နှင့် (၁၀)အတွင်းရှိ သာသနာ့ ဥယျာဉ်ကျောင်းလမ်းတို့အား ကွန်ကရစ်ခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဇ) **ဦးမြင့်တင်၊ ကျွန်းလှမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ကျွန်းလှမြို့၊ မြို့ပေါ်ရပ်ကွက်ရှိ လမ်း(၁၂)လမ်းအား မြေသားလမ်းမှ ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ဈ) **ဒေါ်ကြူကြူစိန်၊ မုံရွာမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၂)၏** ''မုံရွာမြို့၊ စက်မှုဇုန်ရပ်ကွက်အတွင်းရှိသော ရွှာထောင်ဘုန်းတော်ကြီးကျောင်းနှင့် ဘိုးဘွားရိပ်သာ အနီးရှိ ပြည်ထောင်စုလမ်းနှင့် ဆက်သွယ်ထားသည့် မြတ်လေးလမ်း ပေ(၂၅၀၀× ၂၀)၊ မြတ်လေးလမ်းနှင့် သုခဝတီလမ်းကြားရှိ သမစိတ္တလမ်းပေ(၆၀)ကို လမ်းအဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

(ည) **ဦးမြတ်ကို၊ ခန္တီးမြို့နယ်လွှတ်တော်ကိုယ်စားလှယ်အမှတ်(၁)၏** ''ခန္တီးမြို့၊ မြို့မ ရပ်ကွက်၊ ရုံးကြီးလမ်း(၃၇၀)ပေ၊ စိန်ပန်းပြာလမ်း(၁၄၆၂)ပေနှင့် ဇီးဖြူကုန်းရပ်ကွက်၊ ချယ်ရီလမ်း(၇၀၀)ပေတို့အား ကွန်ကရစ်လမ်းခင်းပေးရန် အစီအစဉ်ရှိ/မရှိ သိရှိလိုပါကြောင်း'' စပ်လျဉ်းသည့်မေးခွန်း။

၆။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ ''လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ''အား လွှတ်တော်သို့ တင်သွင်းခြင်း။

၇။ တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၏ ''လုပ်ငန်းဆောင်ရွက်ချက် အစီရင်ခံစာ''နှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထား ရယူ၍ မှတ်တမ်းတင်ကြောင်း ကြေညာခြင်း။

၈။ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် တတိယ ပုံမှန်အစည်းအဝေး အောင်မြင်စွာ ပြီးမြောက်ကြောင်း ကြေညာခြင်း။